# ပို့ကုန် သွင်းကုန်ဥပဒေပြဋ္ဌာန်း

## ပို့ကုန် သွင်းကုန်ဥပဒေ

**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။)**

**၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်**

**(၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပို့ကုန် သွင်းကုန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **တင်ပို့ခြင်း**ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့တင်ပို့ခြင်းကိုဆိုသည်။

(ဂ) **တင်သွင်းခြင်း**ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းကိုဆိုသည်။

(ဃ) **ပို့ကုန် သွင်းကုန်**ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့သည့် သို့မဟုတ် နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် ကုန်ပစ္စည်း သို့မဟုတ် နည်းပညာတစ်ရပ်ရပ်ကိုဆိုသည်။

(င) **ခွင့်ပြုချက်**ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုခုကို တင်ပို့ရန်ဖြစ်စေ၊ တင်သွင်းရန်ဖြစ်စေ ဝန်ကြီးဌာနကထုတ်ပေးသည့် ခွင့်ပြုချက်ကိုဆိုသည်။

(စ) **ကုန်သွယ်ရေးစခန်း** ဆိုသည်မှာ ပို့ကုန် သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များကို တရားဝင်ဆောင်ရွက်နိုင်ရန် သတ်မှတ်ထားသော ပြည်တွင်း သို့မဟုတ် ပြည်ပရှိ နေရာဒေသ၊ စခန်း၊ ရုံး သို့မဟုတ် အခြားနေရာတစ်ခုခုကို ဆိုသည်။

(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုဆိုသည်။

(ဇ) **ဝန်ကြီး** ဆိုသည်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာအခြေခံမူများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပို့ကုန် သွင်းကုန်ဆိုင်ရာမူဝါဒများကို ချမှတ်နိုင်ရန်၊

(ဂ) နိုင်ငံတော်၏ ပို့ကုန် သွင်းကုန်ဆိုင်ရာ မူဝါဒများနှင့် ဆောင်ရွက်ချက်များသည် နိုင်ငံတကာ ကုန်သွယ်မှုစံများနှင့်အညီ ဖြစ်စေရန်၊

(ဃ) ပို့ကုန် သွင်းကုန်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ချောမွေ့လွယ်ကူမြန်ဆန်စေရန်။

### အခန်း(၃)
### ပို့ကုန် သွင်းကုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း

၄။ ဝန်ကြီးဌာနသည် ပို့ကုန် သွင်းကုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ပို့ကုန် သွင်းကုန်၏ ပစ္စည်းအမျိုးအမည်နှင့် အဆင့်အတန်းများ သတ်မှတ်ခြင်း၊

(ခ) ပို့ကုန် သွင်းကုန်အတွက် ကန့်သတ်ကုန်ပစ္စည်း၊ တားမြစ်ကုန်ပစ္စည်း၊ ပိတ်ပင်ကုန်ပစ္စည်းများ သတ်မှတ်ခြင်း၊

(ဂ) ပို့ကုန် သွင်းကုန်ကို တင်ပို့ခြင်းနှင့် တင်သွင်းခြင်းပြုရမည့် နည်းလမ်းနှင့် အခြားလိုအပ်သော စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဃ) ပို့ကုန် သွင်းကုန်အတွက် ခွင့်ပြုချက်ထုတ်ပေးခြင်းနှင့် ခွင့်ပြုချက်ဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) ပို့ကုန် သွင်းကုန်ကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း ပြုလုပ်ရမည့် ဆိပ်ကမ်း၊ လေဆိပ်၊ ယာဉ်စခန်း စသည့်နေရာများနှင့် သက်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း၊

(စ) ပို့ကုန် သွင်းကုန်ဆိုင်ရာ အခြားလိုအပ်သော ကိစ္စရပ်များဆောင်ရွက်ခြင်း။

### အခန်း(၄)
### တားမြစ်ချက်များ

၅။ မည်သူမျှ ကန့်သတ်တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရ။

၆။ မည်သူမျှ ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက် ရယူခြင်းမရှိဘဲ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း မပြုရ။

၇။ မည်သည့်ခွင့်ပြုချက်ရရှိသူမျှ ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မပြုရ။

### အခန်း(၅)
### ပြစ်မှုနှင့်ပြစ်ဒဏ်များ

၈။ မည်သူမဆို ပုဒ်မ ၅ သို့မဟုတ် ပုဒ်မ ၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉။ မည်သည့်ခွင့်ပြုချက်ရရှိသူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားထုတ်သူ သို့မဟုတ် အားပေးကူညီသူအား ယင်းပြစ်မှုကို ကျူးလွန်သူဖြစ်ဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ရမည့်ပြင် ပြစ်မှုကျူးလွန်ရာ၌ အကျုံးဝင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

### အခန်း(၆)
### အထွေထွေ

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပို့ကုန် သွင်းကုန်ဆိုင်ရာ မူဝါဒများကို ချမှတ်ရမည်။ ယင်းမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပို့ကုန် သွင်းကုန်ဆိုင်ရာကိစ္စရပ်များ ချောမွေ့လွယ်ကူစေရန် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၁၂။ ဤဥပဒေအရ အရေးယူအပြစ်ပေးမှုသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေအရ အရေးယူမှုအား ပိတ်ပင်ခြင်းမရှိစေရ။

၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၄။ The Control of Imports and Exports (Temporary)Act, 1947 အရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၅။ The Control of Imports and Exports(Temporary)Act, 1947 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရေး မှီခိုဆက်စပ်နေ ကဏ္ဍနှစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး တစ်ပြိုင်တည်းဆောင်ရွက်ရန် အလွန်အရေးကြီး

**နိုင်ငံတကာစာတတ်မြောက်ရေးနေ့**
**အခမ်းအနားသို့ ပေးပို့သည့်**
**ယူနက်စကို ညွှန်ကြားရေးမှူးချုပ် မစ္စစ်အီရီနာဘိုကိုဗာ၏**
**သဝဏ်လွှာ**
**၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်**

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် စာတတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးတို့အကြား အခြေခံကျသော ဆက်နွယ်မှုကို အထူးအလေးထားပါသည်။

ဤအလေးထားမှုသည် ပဋိပက္ခများဖြစ်ပေါ်လျက်ရှိသည့် လက်ရှိအချိန်ကာလများနှင့် ကြီးမားသောဆက်စပ်မှုရှိပါသည်။ ကမ္ဘာပေါ်တွင် အကြမ်းဖက်မှုပုံစံအမျိုးမျိုးဖြစ်ပေါ်နေကြသည့် နိုင်ငံများသည် စာတတ်မြောက်မှုနှုန်းအနိမ့်ကျဆုံးနိုင်ငံများဖြစ်သည်။ ပဋိပက္ခဖြစ်မှုသည် လူတိုင်းအတွက် ပညာရေးနှင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပြည့်မီရေးအတွက် အဓိကအဟန့်အတားတစ်ခုအဖြစ် ကျန်ရှိနေပါသေးသည်။ ပဋိပက္ခဆိုးကျိုးသက်ရောက်နေသည့် နိုင်ငံများ၌ မူလတန်းကျောင်းနေအရွယ်ကလေး ၄၀ ရာခိုင်နှုန်းကျော်မှာ ကျောင်းပြင်ပသို့ ရောက်ရှိနေကြသည်။

ကလေးငယ်များနှင့် သက်ကြီးများအတွက် အရေးပါလှသော စာတတ်မြောက်ရေးအခွင့်အလမ်းအား ပိတ်ပင်ထားသည့် ပဋိပက္ခကို ကျွန်ုပ်တို့ခွင့်မပြုနိုင်ပါ။ စာတတ်မြောက်ရေးသည် အခြေခံကျသည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည့်အပြင် ပညာရေးအားလုံးနှင့် တစ်သက်တာ သင်ယူမှုတို့အတွက် အခြေခံလည်း ဖြစ်ပါသည်။ စာတတ်မြောက်ရေးသည် ပြည်သူများ၏ဘဝကို ပြောင်းလဲပေးသည်။ ပြည်သူများအား အသိအမြင်များသည့် ရွေးချယ်မှုများပြုလုပ်စေနိုင်ပြီး ကိုယ့်ဘဝကို စီမံနိုင်စွမ်းကိုလည်းပေးကာ ပြောင်းလဲမှုဖန်တီးသူများ ဖြစ်လာစေပါသည်။ ခိုင်မာသောငြိမ်းချမ်းရေးသည် စာတတ်မြောက်သည့်နိုင်ငံသားများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူတိုင်းအတွက် ပညာရေးအခွင့်အလမ်းရရှိမှုများအပေါ် တည်မှီနေပါသည်။ ကမ္ဘာ့ဒေသအများအပြား၌ နိုင်ငံရေးမတည်မငြိမ်ခြင်းနှင့် အကြမ်းဖက်မှုမြင့်တက်ခြင်းတို့ဖြစ်ပေါ်လျက်ရှိရာ စာတတ်မြောက်ရေးသည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများ အနက် အဓိကဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ခိုင်မြဲရေးတို့သည် အပြန်အလှန် မှီခိုဆက်စပ်နေကြပြီး ယင်းကဏ္ဍနှစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပြိုင်တည်းဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။ စာတတ်မြောက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို သာမက ရေရှည်တည်တံ့ခိုင်မြဲရေးကိုပါ အရှိန်အဟုန်မြှင့်တင်ပေးသည်။ လူသားအားလုံးအတွက် အခွင့်အလမ်းသစ်များ၊ ကျွမ်းကျင်မှုများ ရရှိစေနိုင်မည်ဖြစ်သော အနာဂတ်ဖွံ့ဖြိုးမှု နည်းဗျူဟာများအတွက် စာတတ်မြောက်ရေးအစီအစဉ်များသည် အဓိကကဏ္ဍတစ်ရပ် ဖြစ်လာနိုင်သည်။ ဤအရာအားလုံးသည် လူတိုင်းအတွက်ပညာရေးနှင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် အခရာ ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် စာတတ်မြောက်ရေးရည်မှန်းချက်များ ပြည့်မီရန် တိုးတက်ဆောင်ရွက်လျက်ရှိသော်လည်း ကျော်လွှားရန် ခက်ခဲသည့်စိန်ခေါ်မှုများ ကျန်ရှိနေဆဲဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်၌ ဒါကာတွင် ချမှတ်ခဲ့သည့် ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဤစိန်ခေါ်မှုများကို နိုင်ငံတကာက ပိုမိုအားစိုက်ဖြေရှင်းရန် လိုအပ်ပါသည်။ ယူနက်စကို၏ခန့်မှန်းချက်အရ တစ်ကမ္ဘာလုံးတွင် သက်ကြီးစာမတတ်သူဦးရေ ၇၇၅ သန်းရှိနေပြီး လူငယ်စာမတတ်သူဦးရေမှာလည်း ၁၂၂ သန်းရှိနေဆဲ ဖြစ်ပါသည်။ အဆိုပါ သက်ကြီးနှင့် လူငယ်စာမတတ်သူများအနက် သုံးပုံနှစ်ပုံခန့်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များဖြစ်သည်။ ကြီးမားသောစွမ်းအားများ လက်လွှတ်ဆုံးရှုံးရခြင်းပင်ဖြစ်ပါသည်။

ဤစာမတတ်မြောက်မှု သံသရာကို အဆုံးသတ်နိုင်ပါသည်။ ကမ္ဘာကြီးကို ပိုမိုစာတတ်မြောက်သောဝန်းကျင်တစ်ခု ဖန်တီးပေးရေးအတွက် ကျွန်ုပ်တို့အားလုံးတွင် တူညီသော စိတ်ပါဝင်စားမှုများ ရှိကြပါသည်။ လူတိုင်းအတွက် ပညာရေး သတ်မှတ်ကာလ ၂၀၁၅ ခုနှစ်သို့ ချဉ်းကပ်လာသည်နှင့်အမျှ ကျွန်ုပ်တို့တွင် အရှိန်အဟုန်သစ်များ ရရှိနေပြီဖြစ်ပါသည်။ တစ်ကမ္ဘာလုံး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်တွင် ပညာရေးနှင့် စာတတ်မြောက်ရေးတို့ကို ထိပ်ဆုံးမှ ဦးစားပေး ဆောင်ရွက်ရန် ယူနက်စကိုအဖွဲ့ကြီးက အစဉ်တစိုက် မနားမနေ ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပညာရေးသည် ပထမလုပ်ငန်းကို ယခုလနှောင်းပိုင်းတွင် တရားဝင် စတင်ဆောင်ရွက်ရန်ရှိသည်။ ယင်း၏ ပဏာမခြေလှမ်းသည် အမြင့်ဆုံးအဆင့်၌ ခိုင်မာသော ထောက်ခံအားပေးမှုဖြစ်ပါလိမ့်မည်။

အောင်မြင်သော စာတတ်မြောက်ရေးအစီအစဉ်များသည် ထူးချွန်ပြောင်မြောက်သော ရလဒ်ကောင်းများ မည်သို့ ရရှိနိုင်သည်ကို ယခုနှစ် ယူနက်စကို နိုင်ငံတကာ စာတတ်မြောက်ရေးဆု ရရှိခဲ့သူများက ပြသခဲ့ကြပါသည်။ ၎င်းတို့သည် လူ့အခွင့်အရေး၊ ကျား မ တန်းတူညီမျှမှု၊ ပဋိပက္ခဖြေရှင်းမှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ ကွဲပြားခြားနားမှုတို့ကို မြှင့်တင်ဆောင်ရွက်ရာတွင် စာတတ်မြောက်ရေးသည် အဓိကကျသည့် ကဏ္ဍဖြစ်ကြောင်း ဖော်ပြသည့်နမူနာများ ဖြစ်ကြပါသည်။

ယခုအခါ အရည်အသွေးပြည့်ဝသော စာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်မြှင့်တင်ပေးနိုင်စေရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် တိုက်တွန်းအပ်ပါသည်။ စာတတ်မြောက်ခြင်းသည် စွမ်းဆောင်ရည်မြင့်မားစေသည့် မှန်ကန်သောနည်းလမ်းတစ်ခုဖြစ်လာမည်ဆိုပါက ငြိမ်းချမ်းရေးကို တန်ဖိုးထားမှု၊ လူ့အခွင့်အရေးနှင့် တန်ဖိုးထားမှုတို့ကို စာတတ်မြောက်ရေးအစီအစဉ်များနှင့် မဖြစ်မနေ ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ပြေးနိမိတ် ဖြစ်နိုင်ပါသည်။ ဤသို့ဖြစ်လာအောင် ကျွန်ုပ်တို့အတူတကွလက်တွဲပြီး အလျင်အမြန်ဆောင်ရွက်ကြပါစို့။

## စားအုန်းဆီပြည်ပဈေးနှုန်း ကျဆင်းသော်လည်း ပြည်တွင်းဈေးကွက်၌ အနည်းငယ်သာ ကျဆင်း

**ရန်ကုန် စက်တင်ဘာ ၇**

စားအုန်းဆီဈေးနှုန်းမှာ ပြည်ပဈေးနှုန်းများ ကျဆင်းပြီး ပြည်တွင်းဆီဈေးကွက်၌ အနည်းငယ်သာ ကျဆင်းမှုရှိကြောင်း ဆီကိုယ်စားလှယ်များထံမှ သိရသည်။

စက်တင်ဘာ ၅ ရက်တွင် ပြည်တွင်းဈေးနှုန်း တစ်ပိဿာ ၁၇၂၆ ကျပ်ရှိပြီး မလေးရှား FOB ဈေးနှုန်း ဒေါ်လာ ၁၀၃၀ ရှိခဲ့ကြောင်း၊ စက်တင်ဘာ ၆ ရက်တွင် ပြည်တွင်းစားအုန်းဆီဈေးနှုန်း ၁၆၈၆ ကျပ်ရှိကာ FOB ဈေးနှုန်း ဒေါ်လာ ၁၀၀၅ ရှိကြောင်း၊ စက်တင်ဘာ ၇ ရက်တွင် သီလဝါဆီထုတ်ဈေးနှုန်းများအရ တစ်ပိဿာ ၁၆၆၅ ကျပ်၊ ဘုရင့်နောင်ဆီထုတ်ဈေးနှုန်းများအရ ကျပ် ၁၆၈၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

နယ်သို့ဆီတင်ပို့သူများအနေဖြင့် ဘုရင့်နောင်ဆီထုတ်ဈေးထက် သီလဝါဆိပ်ကမ်းထုတ်ဈေးကို ဝယ်ယူတင်သွင်းမှုများရှိကြောင်း သိရသည်။ (မင်းမင်း)

## မိုဘိုင်းလ်ဖုန်းများ ဈေးချိုသာ

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ချော်တွင်းကုန်းမီးပွိုင့်အနီး ပါရမီလမ်းမပေါ်၌ ZYP မိုဘိုင်းလ်ဖုန်းဆိုင်ခွဲကို စက်တင်ဘာ ၉ ရက်တွင် ဖွင့်လှစ်မည်ဟု သိရသည်။ စက်တင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ မည်သည့်ဖုန်းအမျိုးအစားမဆို ဝယ်ယူသူတိုင်းကို မေတ္တာလက်ဆောင်ပေးမည်ဖြစ်ပြီး မြန်မာ Font၊ ဂိမ်း၊ Application များကို အခမဲ့ထည့်သွင်းပေးခြင်း၊ ဟန်းဆက်များကို အထူးဈေးနှုန်းဖြင့် လျှော့ချရောင်းချခြင်း၊ ငွေဖြည့်ကတ်တစ်သောင်းတန်ကို ၉၈၀၀ ဖြင့်ရောင်းချပေးခြင်း စသည်တို့ကို ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဖုန်းဆိုင်မှာ လိုင်းကတ်များကိုလည်း မူရင်းဈေးအတိုင်း အမည်ပေါက် One Stop Service ပြုလုပ်ပေးပါတယ်။ အခုငွေဖြည့်ကတ်တွေကိုလည်း တစ်သောင်းအောက်ကတ်တွေ ထွက်လာဖို့ရှိတယ်လို့ သိရတယ်။ ကျောင်းသားကျောင်းသူတွေနဲ့ ငွေကြေးစိစစ်သုံးစွဲရသူတွေအဖို့တော့ အများကြီးကောင်းပါတယ်။ ကြိုဆိုပါတယ်"ဟု ZYP မိုဘိုင်းဖုန်းဆိုင်မှ ပြောကြားသည်။

ဇေယျာ(မိုင်ရာ)